# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ

# စီမံကိန်း နှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

# ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

အမိန့်ကြော်ငြာစာ အမှတ် ( ၅၉ /၂၀၁၈)

ရန်ကုန်၊ ၁၃၈၀ ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၁၂ ရက်

(၂၀၁၈ ခုနှစ် ဇူလိုင်လ ၉ ရက်)

## အများနှင့်သက်ဆိုင်သောကုမ္ပဏီများအတွက်သတ်မှတ်ချက်များ

မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၄၆၂ (က) အရ အပ်နှင်းထားသည့် အာဏာများကို ကျင့်သုံး၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနသည် ဤအမိန့်ကြော်ငြာစာကိုထုတ်ပြန်လိုက်သည်။

၁။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၂၁၅ (က) နှင့်အညီ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုသည် အနည်းဆုံး အစုရှယ်ယာ မတည်ငွေရင်းပမာဏ ကျပ် ၅၀၀,၀၀၀,၀၀၀ ကို ခွဲဝေသတ်မှတ်ခြင်းမရှိခဲ့လျှင် အများပြည်သူမှ ငွေကြေးထည့်ဝင်နိုင်ရန်အတွက် ကမ်းလှမ်းသော အစုရှယ်ယာတစ်ရပ်ရပ်ကို ခွဲဝေသတ်မှတ်ခြင်း မပြုရ။ ထို့အပြင် ထိုငွေပမာဏ၏ အနည်းဆုံး ၅% ကို ကုမ္ပဏီသို့ ငွေသားဖြင့် ပေးချေရမည် သို့မဟုတ် ကုမ္ပဏီက ငွေသားဖြင့် လက်ခံထားရမည်။

၂။ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၂၁၅ (စ) နှင့်အညီ အစုရှယ်ယာများအတွက် လျှောက်ထားသူများထံမှ လက်ခံရရှိထားသည့် ငွေကြေးတစ်စုံတစ်ရာကို ပြန်လည် ပေးအပ်ရန် လိုအပ်ပါက ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းအား ထုတ်ဝေပြီးနောက် ရက်ပေါင်း ၁၉၀ အတွင်း ပြန်လည် ပေးချေခြင်း မရှိခဲ့လျှင် ကုမ္ပဏီ၏ ဒါရိုက်တာများသည် စုပေါင်း၍ဖြစ်စေ၊ တစ်ဦးချင်းဖြစ်စေ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် အများဆုံးဘဏ်ချေးငွေနှုန်းဖြင့် အဆိုပါငွေပမာဏကို ပြန်လည်ပေးချေရန် တာဝန်ရှိသည်။

၃။ မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၂၁၁ (က) နှင့် အညီ အများနှင့် သက်ဆိုင်သော ကုမ္ပဏီ၏ကိုယ်စား သို့မဟုတ် ကုမ္ပဏီအားဖြင့် ပေးပို့တင်ပြသော ကုမ္ပဏီ၏အလားအလာညွှန်းတမ်းအစား ရေးသားဖော်ပြချက်တစ်စောင်ကို နောက်ဆက်တွဲ ဇယား (၁) အပိုင်း (၁) တွင် သတ်မှတ်ဖော်ပြထားသောပုံစံ ဖြင့်တင်ပြရမည်ဖြစ်ပြီး နောက်ဆက်တွဲ ဇယား (၁) အပိုင်း (၂) တွင် သတ်မှတ် ထားသော အစီရင်ခံစာများကို ပူးတွဲတင်ပြရမည်။

၄။ အများနှင့်သက်ဆိုင်သော ကုမ္ပဏီက ဖြစ်စေ သို့မဟုတ် ကုမ္ပဏီ၏ကိုယ်စားလှယ်က ဖြစ်စေ ထုတ်ဝေသည့် ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းအားလုံးကို မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မနှင့် အညီ မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်ရန် တင်ပြခြင်းမပြုမီ မြန်မာနိုင်ငံငွေချေးသက်သေခံ လက်မှတ်လုပ်ငန်းကြီးကြပ်ရေး ကော်မရှင်သို့ ပေးပို့တင်ပြရမည်။ ယင်းသို့ ပေးပို့တင်ပြထားပြီးဖြစ်ကြောင်း သက်သေခံအထောက်အထားကို ကုမ္ပဏီ၏အလားအလာညွှန်းတမ်းနှင့်အတူ မှတ်ပုံတင်အရာရှိထံ မှတ်ပုံတင်ရန် တင်ပြရမည်။

၅။ မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ပုဒ်မ ၈၆၊ ၉၆ နှင့် ၉၇ တို့အရ အများနှင့်သက်ဆိုင်သော ကုမ္ပဏီတွင် ပါဝင်သူများ၏ မှတ်ပုံတင်စာရင်းနှင့် စပ်လျဉ်း၍ ကုမ္ပဏီတွင် အစုရှယ်ယာအရေအတွက် အများဆုံး ပိုင်ဆိုင်ထားသည့် ပါဝင်သူ ဦးရေ ၅၀ (သို့မဟုတ် ကုမ္ပဏီတွင် ပါဝင်သူဦးရေ ၅၀ အောက် လျော့နည်းပါက ထိုသို့ပါဝင်သူများ) ၏ပြောင်းလဲမှုများကိုသာ သတ်မှတ်ဖော်ပြထားသည့် ပုံစံဖြင့် မှတ်ပုံတင် အရာရှိထံ ပေးပို့တင်ပြရမည်။

၆။ အများနှင့်သက်ဆိုင်သော ကုမ္ပဏီများသည် မြန်မာနိုင်ငံ ကုမ္ပဏီများဥပဒေ (၂၀၁၇) အရ မှတ်ပုံတင်အရာရှိထံအစီရင်ခံခြင်းနှင့် စာရွက်စာတမ်းများပေးပို့ တင်ပြခြင်းအား အခြားနည်းညွှန်ကြားထားခြင်းမရှိလျှင် အီလက်ထရောနစ် မှတ်ပုံတင်စနစ်ပေါ်တွင် အီလက်ထရောနစ် နည်းလမ်းဖြင့်သာ ဆောင်ရွက်ရမည်။

၇။ ဤအမိန့်ကြော်ငြာစာတွင် ဖော်ပြထားသည့် "အီလက်ထရောနစ် မှတ်ပုံတင်စနစ်" ဆိုသည်မှာ မြန်မာနိုင်ငံကုမ္ပဏီများဥပဒေ (၂၀၁၇) ပုဒ်မ ၄၂၂ အရ မှတ်ပုံတင်အရာရှိက တည်ထောင်ထားသော အီလက်ထရောနစ်နည်းပညာဖြင့် မှတ်ပုံတင်စနစ်ကို ဆိုလိုသည်။

၈။ ဤအမိန့်ကြော်ငြာစာသည် ၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့မှ စတင်အကျိုးသက်ရောက်စေရမည်။

အောင်နိုင်ဦး
ညွှန်ကြားရေးမှူးချုပ်
ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန

စာအမှတ် ၊ ရက - ၁၀/၁ /၂၀၁၈ ( ၀၉၃၀၀ )
ရက်စွဲ ၊ ၂၀၁၈ ခုနှစ်၊ ဇူလိုင်လ ၉ ရက်

**ဖြန့်ဝေခြင်း**

နိုင်ငံတော်သမ္မတရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး

ပြည်ထောင်စုလွှတ်တော်ရုံး
ပြည်သူ့လွှတ်တော်ရုံး
အမျိုးသားလွှတ်တော်ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး
ပြည်ထောင်စုဝန်ကြီးဌာန(အားလုံး)
ပြည်ထောင်စုရှေ့နေချုပ်ရုံး
ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး
ပြည်ထောင်စုရာထူးဝန်အဖွဲ့
မြန်မာနိုင်ငံတော်ဗဟိုဘဏ်
ပြည်နယ်နှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး(အားလုံး)
ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန } မြန်မာနိုင်ငံ ပြန်တမ်းတွင် ထည့်သွင်း ကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်
ဦးစီးဌာန၊ ဌာနခွဲများနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး ရုံးခွဲများအားလုံး
ရုံးလက်ခံ / မျှောစာတွဲ